# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၀။ ငါး

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - သင်ခဲ့ပြီးသော ဗျည်းတို့ကိုဆရာ ကကျပန်းထောက်၍ မေးခြင်း<br>- "န"ဗျည်း(ကဗျာ) ကိုရွတ်ဆိုခြင်း<br>- "န"ဗျည်းအသံနှင့် အမည်ရွတ်ဆိုခြင်း<br>- "န"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "န"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "န"ဗျည်း(ကဗျာ) ကို ရွတ်ဆိုခြင်း<br>- "န"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "န"အက္ခရာ စာလုံး ဆက်စပ်ခြင်း<br>- "န"ဗျည်းကိုကူး ရေးခြင်း<br>- ဘင်ဂို ကစားနည်းဖြင့် ကစားခြင်း<br>(ပြောဆို ဆက်သွယ်) | - "သီတင်းကျွတ် ရောက်ပြီ"(ပုံပြင်) ကိုဆရာနှင့်အတူ ဖတ်ခြင်း<br>- "ဇ"ဗျည်း(ကဗျာ) ကို ရွတ်ဆိုခြင်း<br>- "ဇ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "ဇ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဇ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဇ"ဗျည်း(ကဗျာ) ကို ရွတ်ဆိုခြင်း<br>- "ဇ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "ဇ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဇ"ဗျည်းကို ကူးရေးခြင်း<br>- အက္ခရာကတ်များ လှည့်ကစားနည်း ဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဒ"ဗျည်း (ကဗျာ)ကို ရွတ်ဆိုခြင်း<br>- "ဒ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "ဒ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဒ"ဗျည်းကို ကူးရေးခြင်း<br>- ဆရာခေါ်ပေး သည့်ဗျည်းတို့ ကိုဝိုင်းခြင်း<br>(ပြောဆို ဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "K"အက္ခရာကို ရွေးချယ်ခြင်း<br>- "K"အက္ခရာကို အစက်များ ပေါ်တွင် ထပ်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "K"အက္ခရာကို လေးကြောင်း မျဉ်းနှင့် ရေးခြင်း<br>- "A,B,C,D" သီချင်းကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "L"အက္ခရာကို ရွေးချယ်ခြင်း<br>"L"အက္ခရာကို အစက်များပေါ် တွင်ထပ်ပြီး ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "L"အက္ခရာကို လေးကြောင်း မျဉ်းနှင့် ရေးဆွဲခြင်း<br>- ရေးပြီးသော အက္ခရာ (A,E,F,H,I,K,L)များကို ကတ်ပြား များဖြင့် ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "M"အက္ခရာ ကိုရွေးချယ်ခြင်း<br>"M"အက္ခရာ ကိုအစက်များ ပေါ်ထပ်ရေး ခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
| --- | --- | --- | --- | --- | --- |
| ၁၁း၁၅-၁၁း၄၅ | - ကဗျာရွတ်ဆိုခြင်း(ငါးကလေးတွေကဗျာ)<br>- ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးအမျိုးမျိုးတွေ့နိုင်သောနေရာများဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးဥမှအကောင်ပေါက်ပုံရုပ်ပုံပြ၍ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးများသွားလာလှုပ်ရှားပုံကိုဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) |
| ၁၁း၄၅-၁၂း၁၅ | - ၁၄ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ၁၄ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ငါး၏ပြင်ပအစိတ်အပိုင်းများကိုကလေးများအားချိတ်ဆက်ပုံဖော်ခြင်း (ပတ်ဝန်းကျင်လောက) | - ငါးဥမှအကောင်ပေါက်ပုံရုပ်ပုံကိုပြ၍ပြန်လည်ဆွေးနွေးခြင်း<br>- ငါးကလေးကဗျာရွတ်ဆိုခြင်း (ပတ်ဝန်းကျင်လောက) | - ၁၄ကိန်းကိုဖတ်ခြင်း၊စီခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - ငါးကလေးကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာငါးပုံရေးဆွဲခြင်း (အနုပညာရသ) | - ငါးကလေးကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နှစ်သက်ရာငါးပုံရေးဆွဲခြင်း (အနုပညာရသ) | - ငါးပုံအရောင်ခြယ်ခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၀။ ငါး

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "သီတင်းကျွတ်ရောက်ပြီ"(ပုံပြင်)ကိုကလေးများမှတ်မိသလောက်ဖတ်စေခြင်း<br>- "အ"ဗျည်း(ကဗျာ)ကို ရွတ်ဆိုခြင်း<br>- "အ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "အ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "အ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - အက္ခရာကတ်များလှည့်ကစားနည်းဖြင့်ကစားခြင်း<br>- "အ"ဗျည်း(ကဗျာ)ကိုရွတ်ဆိုခြင်း<br>- "အ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "အ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "အ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ည"ဗျည်း(ကဗျာ)ကို ရွတ်ဆိုခြင်း<br>- "ည"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ည"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ည"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ည"ဗျည်း(ကဗျာ)ကို ရွတ်ဆိုခြင်း<br>- "ည"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ည"အက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ည"ဗျည်းကိုကူးရေးခြင်း<br>- ဘင်ဂိုကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "န၊ ဇ၊ ဒ၊ အ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုခြင်း<br>- "သီတင်းကျွတ်ရောက်ပြီ"(ပုံပြင်)ကိုဆရာနှင့်အတူဖတ်ခြင်း<br>- ပုံပြင်ပါကလေးများနှစ်သက်သောရုပ်ပုံတစ်ပုံကိုရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "M"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "N"အက္ခရာကိုရွေးချယ်ခြင်း<br>- "N"အက္ခရာကိုအစက်များပေါ်တွင်ထပ်ပြီးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "N"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးဆွဲခြင်း<br>- "A,E,F,H,I,K,L,M,N"အက္ခရာကိုးလုံးဖြင့်Bingoကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "T"အက္ခရာကိုရွေးချယ်ခြင်း<br>- "T"အက္ခရာကိုအစက်များပေါ်တွင်ထပ်ပြီးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "T"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း<br>- အက္ခရာ(၉)လုံးဖြင့် Bingo ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
| --- | --- | --- | --- | --- | --- |
| ၁၁း၁၅-၁၁း၄၅ | - ငါးများ၏ ပုံသဏ္ဍာန်နှင့် အရွယ်အစားကို ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးအမျိုးမျိုးပါသောရုပ်ပုံကို ကြည့်၍အကြေးခွံပါ/မပါ ဆွေးနွေးခြင်း<br>- ပုံဆွဲခြင်း (ပတ်ဝန်းကျင်လောက) | - ငါးများစားသောအစားအစာများကိုမေးမြန်း ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ၁၅ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ငါးလေး တစ်ကောင် သီချင်းသီဆို ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၁း၄၅-၁၂း၁၅ | - ၁၅ကိန်းကိုဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ငါးရုပ်ပုံပြ၍ ငါးများသွားလာလှုပ်ရှားပုံကို ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ငါးလေးတစ်ကောင်သီချင်း သီဆိုကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ငါး၏အစိတ်အပိုင်းကို ကလေးများအား ချိတ်ဆက်ပုံဖော်စေခြင်း (ပတ်ဝန်းကျင်လောက) | - ၁၅ကိန်းကို ဖတ်ခြင်း၊စီခြင်း၊ ရေးခြင်း (သင်္ချာ) |
| ၁၃း၃၀-၁၄း၀၀ | - ငါးကလေးကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ကြေးခွံပါသော ငါးပုံဆွဲခြင်း (အနုပညာရသ) | - ငါးရုပ်ခေါက်ခြင်း (အနုပညာရသ) | - ငါးရုပ်ခေါက်ခြင်း (အနုပညာရသ) | - ငါးကလေး ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) |



DBE BOX

| ပထမပတ် |
|---|

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ဗျည်းများ၏ အသံနှင့်အမည် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**သင်ခဲ့ပြီးသော ဗျည်းတို့ကို ဆရာက ကျပန်းထောက်၍မေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "န"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "န"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**"န"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသည့် ဗျည်းအက္ခရာဆက်စပ်နည်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ-နဂါး၊ နဂါးမောက်သီး၊ နဖူး)

အသေးစိတ်သင်ယူမှုရလဒ်။ ။"န"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်းကို ကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။K အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **Kအက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "K" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"K"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။
- အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးအမျိုးမျိုးရှိကြောင်းကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

**"ငါးကလေးတွေ"**

ငါးကလေးတွေငါးကလေးတွေ
ရေထဲကငါးကလေးတွေ
အဖြူရောင်လေးတွေ အဝါရောင်လေးတွေ
အို အစုံပဲဟေ့
ငါးကလေးတွေ ငါးကလေးတွေ
ရေထဲက ငါးကလေးတွေ
ဟိုဘက်ကူးလိုက် သည်ဘက်ကူးလိုက်
ပျော်စရာ အလွန်ကောင်းတယ်။



DBE BOX

လုပ်ငန်းစဉ်(၂)။ ။ **ငါးအမျိုးမျိုးပါသော ရုပ်ပုံကိုပြ၍ ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ဆရာက ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ကလေးများသိသော ငါးအမည်များကို ပြောပါစေ။
- မိမိဒေသတွင် တွေ့နိုင်သောငါးများကို ပြောပါစေ။
- ကလေးပြောသမျှကို သင်ပုန်းပေါ်တွင်မှတ်တမ်းတင်ပါ။ (ငါးကြင်း၊ ရွှေငါး၊ ငါးရှဉ့်၊ ငါးလိပ်ပြာ၊ ငါးခူ၊ လင်းပိုင်၊ ဝေလငါး၊ ငါးဖောင်ရိုး . . . စသည်)

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၄ ကိန်းကိုရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**၁၄ ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

**ရေတွက်ခြင်း**

- ပိုက်ချောင်း(သို့)မျိုးတူပစ္စည်း၁၄ခုကိုယူပါ။
- ၁မှ ၁၀ ထိ ကလေးများနှင့်အတူရေတွက်ပါ။
- ၎င်းမှ ၁၀ခုကိုစည်းပြီး ရရှိလာသောတစ်စည်းနှင့် ၄ခုကို ကိန်းကတ်ပြားနှင့်ယှဉ်ပြကာ မည်သို့ဖတ်ကြောင်း ပြန်မေးပါ။ တစ်ဆယ်နှင့်လေး၊ တစ်ဆယ့်လေးဟု ဖတ်ကြောင်း ပြောပါ။
- ထို့နောက်သင်ပုန်းပေါ်တွင် ၁၄ ကိုရေးပါ။
- ကိန်းကိုထောက်ပြပြီး တစ်ဆယ့်လေးဟုဖတ်ပါစေ။

**လေထဲတွင်ရေးခြင်း**

- ကလေးများအားကျောခိုင်း၍ ၁၄ ကိုလေထဲတွင် ရေးပြပါ။
- ကလေးများအားလေထဲတွင်လိုက်ရေးပါစေ။သုံးကြိမ်ခန့်ပြုလုပ်ပါစေ။

**ကူးရေးခြင်း**

- ဆရာက ၁၄ကိန်းကို ကလေးတစ်ယောက်ချင်းစီ၏ စာအုပ်တွင် ရေးပေးပါ။
- ၁၄ကိန်းကိုစာအုပ်တွင်ကူးရေးပါစေ။
- ၁၁ မှ ၁၄ထိ ကိန်းများကိုစာအုပ်တွင်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာကိုအမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငါးကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကိုစက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများအလယ်တွင် ရပ်ပါ။
- ဆရာက "ငါးကလေးတွေ" ကဗျာကို အသံနေ အသံထားဖြင့် (၂) ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့်ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူအမူအရာဖြင့်ဆိုပါ။ ကလေးများကဗျာကို အမူအရာနှင့် ဆိုပါစေ။
- ရှေ့ထွက်ပြီးဆိုချင်သော ကလေးကိုဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများ စိတ်ကြိုက်ဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "န"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"န"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။



DBE Box

အသေးစိတ်သင်ယူမှုရလဒ်။  ။ "န"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။  ။**"န"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- ဆရာက "န"ဗျည်းကို ရွတ်ဆိုပါက "နငယ်" ဟူ၍ အသံထွက်ရကြောင်း ပြောပြပါ။

**"န"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းစာလုံးဆက်စပ်ခြင်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။  ။"န"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။  ။**"န"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။  ။အာရုံစူးစိုက်နားထောင်ခြင်းဖြင့် စာလုံးများကို စွဲမြဲစွာမှတ်မိရန်။

လုပ်ငန်းစဉ်။  ။**ဘင်ဂိုကစားနည်းဖြင့် ကစားခြင်း(၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဘင်ဂိုကစားနည်းဖြင့် ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။  "K" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။  ။ "K"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။  ။ A,B,C,D သီချင်းကဗျာကို စည်းချက်ကျကျရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။  ။ "A,B,C,D"**သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်ကဗျာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။  ။ငါးအမျိုးမျိုးကိုတွေ့နိုင်သောနေရာများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။  ။**ငါးအမျိုးမျိုးတွေ့နိုင်သောနေရာများ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ငါးတွေဘယ်မှာနေသလဲမေးပါ။
- ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြပြီး တွေ့နိုင်သော နေရာများကို ကလေးများ သိသမျှ ပြောပါစေ။
- ဆရာကထပ်ဖြည့်ပြောပါ။
- ဆရာက ကလေး(၁၆)ဦးအားအတန်းရှေ့တွင်ရပ်ပါစေ။
- ကလေး(၁၀)ဦးအားငါးကြင်း၊ငါးမန်း၊ရွှေငါး၊ငါးရှဉ့်၊ ငါးလိပ်ပြာ၊ ငါးခူ၊ ငါးဖောင်ရိုး၊ လင်းပိုင်၊ ဝေလငါး၊ ငါးရံ့ပုံကတ်ပြားများကိုဝေပေးပါ။ (ကပ်ပြားမရှိလျှင် ကလေးတစ်ဦးချင်းကို ဖော်ပြပါ ငါးအမည်များ သတ်မှတ်ပေးပါ။)
- ကျန်(၆)ဦးအား ငါးရရှိနိုင်သောနေရာရုပ်ပုံကတ်ပြားများ(မြစ်၊ ချောင်း၊ ကန် . . . . စသည်ဖြင့်)ကိုဝေပေးပါ။ (ကတ်ပြား မရှိပါက ကလေးတစ်ဦးချင်းကို နေရာသတ်မှတ်ပေးပါ။)
- ဆရာက ငါးအမည်ပြောလျှင် ငါးကတ်ပြားရထားသော ကလေးနှင့် ငါးရရှိနိုင်သော နေရာ (မြစ်၊ ချောင်း၊ ကန် . . . . စသည်ဖြင့်) ရထားသော ကလေးယှဉ်တွဲရပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၄ ကိန်းကိုရေတွက်တတ်၊ဖတ်တတ်၊ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**၁၄ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ရေးခြင်း (မိနစ် ၃၀)**

- ကလေးများအားအုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသော ဝတ္ထုပစ္စည်း ၁၄ ခုနှင့် ၁၄ ထိပါသော ကိန်းကတ်ပြားများကိုပေးထားပါ။ဆရာက ကိန်းတစ်ခုရွတ်ပြတိုင်း အုပ်စုများက ၎င်းကိန်းနှင့် သက်ဆိုင်သောကတ်ပြားများကိုပြ၍ ၎င်းကိန်းနှင့်သက်ဆိုင်သောအရေအတွက်ကို ရေတွက်ပြပါစေ။ (ဥပမာ- ဆရာက ၁၄ ဟုရွတ်ပြလျှင် ကလေးက ၁၄ ကိန်းကတ်ပြားကို ထောင်ပြ၍ အုပ်စုတွင်းရှိကလေးများက ပစ္စည်း ၁၄ ခုကို ရေတွက်ပြပါ။ အမြန်ဆုံးပြနိုင်သော အုပ်စုကို အမှတ်ပေးခြင်းဖြင့် ကစားပါ။)

**လေထဲတွင်ရေးခြင်း**

- ဆရာက ကလေးများကိုကျောခိုင်း၍လေထဲတွင် ၁၄ ကိန်းကို ရေးပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**နှစ်သက်ရာငါးပုံဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများစိတ်ကြိုက်ငါးများရေးဆွဲပါစေ။
- ဆရာက ကလေးများဆွဲထားသောပုံတွင် ကလေးအမည်နှင့် ငါးအမည် ရေးပေးပါ။ ပုံများအားလုံးကိုဆရာက သိမ်းထားပါ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါ ထပ်ကျော့စကားလုံးများကို ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ကို ဆရာနှင့်အတူ ဖတ်ခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဇ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဇ" ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- ဆရာက "ဇ"ဗျည်းကို ရွတ်ဆိုပါက "ဇကွဲ" ဟူ၍ အသံထွက်ရကြောင်း ပြောပြပါ။

**"ဇ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- (ဥပမာ-ဇလား၊ ဇလပ်၊ ဇလုံ၊ ဇရပ်)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဇ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်းကို ကူးရေးခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ Lအက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **Lအက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ "L''အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "L''**အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါး၏ပြင်ပအစိတ်အပိုင်းများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ **ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ငါးအားလုံးတွင်တွေ့မြင်ရသောအရာများကို ကလေးများအား ပြောပါစေ။ (ခေါင်း၊ မျက်လုံး၊ ရေယက်တောင်၊ အမြီး၊ ပါးစပ်၊ ကြေးခွံ)
- ကလေးနှစ်ဦး အတန်းရှေ့ထွက်၍ တစ်ဦးကညွှန်ပြသောအရာ (ဥပမာ-ဦးခေါင်း ...) ကို ကျန်တစ်ဦးအားပြောပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံးပြောပါစေ။

လုပ်ငန်းစဉ်။ ။**ငါး၏ပြင်ပအစိတ်အပိုင်းများကို ကလေးများအား ချိတ်ဆက်ပုံဖော်ခြင်း (၁၅ မိနစ်)**

**ပြင်ညီပုံများဖြင့် ငါးပုံဖော်ဆက်ခြင်း**

- ကလေး(၅)ဦးအား ငါး၏ပြင်ပအစိတ်အပိုင်းတစ်ခုစီပုံကို ဝေပေးထားပါ။
- ငါးတစ်ကောင်၏ပုံတွင် ကလေးများရရှိထားသော ပြင်ပအစိတ်အပိုင်းများကို လာရောက်ချိတ်ဆက်စေပြီးပြောပြပါစေ။
- (ခေါင်း၊မျက်လုံး၊ဆူးတောင်၊အမြီး၊ပါးစပ်၊ကြေးခွံ)

**ငါးရုပ်ပုံခေါက်ခြင်း (၁၅ မိနစ်)**

- ဆရာက "ငါးရုပ်ခေါက်ခြင်း" နည်းကို နမူနာခေါက်ပြပါ။
- ဆရာက ကလေးများနှင့်အတူ ငါးရုပ်ခေါက်ပါစေ။
- ကလေးများစိတ်ကြိုက် ငါးရုပ်ခေါက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုအမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငါးကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကိုစက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက "ငါးကလေးတွေ" ကဗျာကိုအသံနေ အသံထားဖြင့် (၂) ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့်ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူအမူအရာဖြင့်ဆိုပါ။ ကလေးများကဗျာကို အမူအရာနှင့် ဆိုပါစေ။
- ရှေ့ထွက်ပြီးဆိုချင်သော ကလေးကိုဆိုပါစေ။
- ဤနည်းအတိုင်းကလေးများ စိတ်ကြိုက်ဆိုပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဇ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဇ" ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဇ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DBE BOX

**"ဇ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဇ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဇ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဇ"ဗျည်းကို ပိုမိုမှတ်မိစေရန်။

လုပ်ငန်းစဉ်။ **။အက္ခရာကတ်များလှည့်ကစားနည်းဖြင့် ကစားခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော အက္ခရာကတ်များလှည့်ကစားနည်းဖြင့် ကစားပါစေ။
- အသေးစိတ်သင်ယူမှုရလဒ်။ ။"L" အက္ခရာကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ "L"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ A,E,F,H,I,K,L **ကတ်ပြားများဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာကတ်ပြားများဖြင့် ကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးဥမှအကောင်ပေါက်ပုံကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁)။ **။ငါးဥမှ အကောင်ပေါက်ပုံ ရုပ်ပုံကိုပြ၍ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငါးဥမှအကောင်ပေါက်ပုံ ရုပ်ပုံကို ကလေးများအား ကြည့်ရှုပါစေ။
- ကလေးများမှ ရုပ်ပုံကိုကြည့်ပြီး နားလည်သလိုပြန်ပြောပါစေ။
- ဆရာက ငါးဥမှ အကောင်ပေါက်ပုံကို ပြောပါ။

လုပ်ငန်းစဉ်(၂)။ **။ငါးဥမှ အကောင်ပေါက်ပုံ ရုပ်ပုံကိုပြ၍ ပြန်လည်ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ငါးဥမှ အကောင်ပေါက်ပုံ ရုပ်ပုံကိုပြ၍ပြန်လည်ဆွေးနွေးပါ။
- ငါးကလေးတွေ ကဗျာကို ကဗျာရွတ်ဆိုနည်းအတိုင်း ပြန်လည်ရွတ်ဆိုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။နှစ်သက်ရာငါးပုံဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများစိတ်ကြိုက်ငါးများရေးဆွဲပါစေ။
- ဆရာက ကလေးများဆွဲထားသောပုံတွင် ကလေးအမည်နှင့် ကလေးပြောသော ငါးအမည် ရေးပေးပါ။
- ပုံများအားလုံးကို ဆရာက သိမ်းထားပါ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဒ"ဗျည်းများကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဒ"ဗျည်း ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။